# ဤစာအုပ်တွင်

ဒေသနာနယဆေးပညာနှင့် အာယုဗ္ဗေဒဆေးပညာတို့၏ အခြေခံဓာတ်ပစ္စည်းများကို ယှဉ်တွဲ ဖော်ပြထားခြင်းကြောင့် ဆေးပညာနှစ်ရပ်ကို တစ်ပြိုင်တည်းလေ့လာနိုင်ခြင်း၊ တိုင်းရင်းဆေးပညာရှု ထောင့်မှ ခန္ဓာကိုယ်အား ဖွဲ့စည်းထားသော ဓာတ်ပစ္စည်းအုပ်စု (၇) စု ကို လွယ်ကူစွာသိရှိအောင် ရှင်းလင်းဖော်ပြထားခြင်းကြောင့် ပညာသင်စဆရာများ၊ ပညာရှင်များ၊ သုတေသီများအတွက် ခန္ဓာဗေဒ ဉာဏ် ရင့်သန်စေခြင်း၊ တေဇောဓာတ် (၅)မျိုး ဖြစ်ပေါ်လာပုံများနှင့် တေဇောဓာတ်များ အဆင့်ဆင့် ပြောင်းလဲဖောက်ပြန်ပုံများ ဖော်ပြထားခြင်း၊ ဓာတ်ပစ္စည်းများ၏ သဘောလက္ခဏာများကို တိုရှင်း လိုရှင်း ရှင်းလင်းပြတ်သားစွာ ရေးသားတင်ပြထားခြင်း၊ ပါစကသည်းခြေ (ဝါ) ပါစကတေဇောဓာတ်မှ ဝမ်းမီး (၅)မျိုး ပြောင်းလဲဖြစ်ပေါ်ပုံ အခြင်းအရာများ၊ ရောဂါဟာကာတို့၏ အမြစ်ဖြစ်သော ဝမ်းမီးကို အဆင့်ဆင့်ဖော်ပြထားသည့်အပြင် ဝမ်းမီးသည်ရောဂါတို့၏ အခြေခံအမြစ်ဖြစ်ကြောင်း ရှင်းလင်းချက် များ၊ အကြောများ၊ အာရုံကြောများ၏သဘာဝလက္ခဏာတို့ကို ဆေးသိပ္ပံနှင့် တိုင်းရင်းဆေးပညာ ပေါင်း စပ်ပြထားခြင်း၊ သွေးလှည့်လည်မှုစနစ်များ၊ သွေးလှည့်အဖွဲ့အစည်းများကို အများသဘောပေါက် အောင်တင်ပြထားခြင်း၊ သွေးစမ်းပညာရပ်၏ အခြေခံသဘောတရားများကို လွယ်လွယ်နှင့် သဘောပေါက် အောင်ဖော်ပြထားခြင်း၊ ရောဂါအလိုက်သွေးတိုးပုံများကို နက်ရှိုင်းသောမြန်မာ့သွေးစမ်းပညာရပ်ဖြင့် စမ်းသပ် ၍ တိတိကျကျ ဆုံးဖြတ်နိုင်စေရန်ဖော်ပြထားခြင်း၊ ဤကျမ်းစာအုပ်ကို အစမှ အဆုံးထိ လွယ်ကူသော စကားပြေအရေးအသားဖြင့် ရေးသားတင်ပြထားခြင်းကြောင့် ဆေးပညာအခြေခံမရှိသောသူများသည် ပင် တိုင်းရင်းဆေးပညာရပ်ကြီး၏ အရေးကြီးသောဓာတ်ပစ္စည်းတို့၏ ပင်ကိုယ်သဘောသဘာဝ လက္ခဏာ များ ဖောက်ပြန်သော ဝိကတိလက္ခဏာများကို ဆရာတစ်ဦးအနားမှ သင်ပြပေးနေသကဲ့သို့ ဖြစ်သည့်အပြင် တိုင်းရင်းဆေးပညာ၏ ရောဂါရှာဖွေရေးအပိုင်းကို အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ပေးစွမ်းနိုင်သော ကျမ်းစာအုပ်ဖြစ်ပါသည်။

